neighborhood HEALTH

1717 S Calhoun Street, Fort Wayne, IN 46802
**phone** 260-458-2641

PO Box 11949, Fort Wayne, IN 46862
**fax** 260-458-3093

**mynhfw.org**

နိုဝင်ဘာ ၇ ရက်၊ ၂၀၂၄ ခုနှစ်

လေးစားရပါသော လူနာရှင်၊

ဤစာကိုဖတ်နေသည့်အချိန်တွင် သင်သည် ကျန်းမာရေးကောင်းမွန်ကာ ရွှင်လန်းစွာရှိနေမည်ဟု မျှော်လင့်ပါသည်။

သင့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် စပ်လျဉ်း၍ အရေးကြီးသော သတင်းအချို့ကို မျှဝေပေးရန်အတွက် ကျွန်ုပ်တို့သည် ဤစာအား ရေးသားလိုက်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ လေးစားအားထားရသော ကျန်းမာရေးစောင့်ရှောက်သူ၊ Brianna Pool သည် ၎င်း၏ ပရော်ဖက်ရှင်နယ်လမ်းကြောင်းပေါ် ရှိ တာဝန်အသစ်များကို လုပ်ကိုင်ဆောင်ရွက်ရန်အတွက် နိုဝင်ဘာလကုန်တွင် Neighborhood Health မှ ထွက်ခွာတော့မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ၎င်း၏ သာလွန်ကောင်းမွန်သည့် စောင့်ရှောက်မှုနှင့် အလေးထားမှုများကို အမှတ်ရနေမည်ဖြစ်သကဲ့သို့ Neighborhood Health အနေဖြင့် သင့်အတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း အသိပေးလိုပါသည်။

Neighborhood Health ၌ သင့်ကျန်းမာရေးနှင့် စိတ်ချမ်းသာမှုတို့သည် ကျွန်ုပ်တို့၏ ထိပ်တန်း ဦးစားပေးအချက်များဖြစ်ပြီး၊ ကျွန်ုပ်တို့တွင် အခြားသော ကျန်းမာရေးစောင့်ရှောက်သူ အများအပြားရှိကာ ၎င်းတို့က သင့်အတွက် အရည်အသွေးအမြင့်ဆုံး ကျန်းမာရေးစောင့်ရှောက်မှုကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါသည်။ ထိုအတွက်ကြောင့် ကျွန်ုပ်တို့၏ ကျန်းမာရေးစောင့်ရှောက်သူများထဲမှ တစ်ဦးအား သင့်အတွက် သတ်မှတ်တာဝန်ချပေးပါမည်၊ ၎င်းက သင်နှင့် တွေ့ဆုံကာ သင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်အား ဆက်လက်လုပ်ကိုင်ပေးနိုင်ရန်အတွက် စိတ်အားထက်သန်လျက်ရှိပါသည်။ ဤအပြောင်းအလဲ လွယ်ကူချောမွေ့စေရန်၊ သင့်အတွက် အဆင်ပြေသည့် အစောဆုံးအချိန်တွင် နောက်ထပ်ချိန်းဆိုမှုတစ်ခုကို စီစဉ်ပေးပါရန် တိုက်တွန်းအပ်ပါသည်။ ဤလုပ်ငန်းစဉ်အား လုပ်ဆောင်နေစဉ်အတွင်း သင့်တွင်ရှိသည့် မေးခွန်းများ၊ စိုးရိမ်ပူပန်မှုများနှင့်ပတ်သက်၍ သင့်အားကူညီပေးရန် ကျွန်ုပ်တို့၏ ဝန်ထမ်းများက အသင့်ရှိနေပါသည်။

ကျွန်ုပ်တို့ ကျန်းမားရေးစောင့်ရှောက်မှုမိသားစု၏ အဖိုးတန်သော အဖွဲ့ဝင်တစ်ဦးဖြစ်သည့်အတွက် ကျေးဇူးတင်ရှိပါသည်။ ဤပြောင်းလဲမှုအား ကျွန်ုပ်တို့အတူတကွ ရင်ဆိုင်ဖြေရှင်းရာတွင် သင်၏ နားလည်ပေးမှုနှင့် ပံ့ပိုးကူညီပေးမှုအတွက် ကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့သည် အနာဂတ်အတွက် စိတ်အားထက်သန်နေပြီး သင့်အတွက် အကောင်းဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုကို ပေးအပ်သွားမည်ဖြစ်ကြောင်း ကတိပြုအပ်ပါသည်။

ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်

Dr. Sharon Singleton
ဆေးဘက်ဆိုင်ရာ အရာရှိချုပ်

Neighborhood Health